**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**နေပြည်တော်**

New Talent Industrial Co.,Ltd. မှ ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ မအူပင်စက်မှုဇုန်၊ အမှတ်(အမ်-၁-၀၂)ရှိ မြေရေိယာ(၂)ကေတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အဝတ်အထည်နှင့် ခြေအိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းအတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)၏

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

**(Environmental Compliance Certificate - ECC)**

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ မတ် လ ၂၈ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC( ၉၇၈ ) ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ မတ် လ ၂၉ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉/၂၀၁၂)နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅)တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်(Environmental Compliance Certificate - ECC)ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - MR. ZHANG JUN JIAN<br>Director |
| (ခ) | **ဆက်သွယ်ရန်လိပ်စာ** | - New Talent Industrial Co.,Ltd.<br>အမှတ်(အမ်-၁-၀၂)၊ မအူပင်စက်မှုဇုန်၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။<br>၀၉-၈၉၀၀၉၂၀၁၄ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - CMP စနစ်ဖြင့် အဝတ်အထည်နှင့် ခြေအိတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - (၂)ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - အမှတ်(အမ်-၁-၀၂)၊ မအူပင်စက်မှုဇုန်၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| (ဆ) | **ECC သက်တမ်း** | - (၅) နှစ်<br>စတင်ထုတ်ပေးရက် - ၁၄-၃-၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် - ၁၃-၃-၂၀၂၉ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ အမျိုးအစား** | - ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) |

(ဈ) **အတည်ပြုအစီရင်ခံစာ** - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရွှေဝတီတိုင်းဒေသကြီး၏ ၄-၁၂-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ EIA/ EMP အတည်ပြု(ဖစ္စ)(၂၉၀၈/၂၀၂၃)

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့်တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန် ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၃။ အထက်ဖော်ပြပါ စည်းကမ်းချက်များအပြင် ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

၄။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုမိန့်မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန် ဖြစ်ကြောင်း၊ မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

၅။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့်ပယ်ဖျက်လျှင် သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည် ဖြစ်ပါသည်။

၂၉.၁.၂၀၂၄

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

**New Talent Industrial Co.,Ltd. မှ ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ မအူပင်စက်မှုဇုန်၊ အမှတ်(အမ်-၁-၀၂)ရှိ မြေရိယာ(၂)ကေတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အဝတ်အထည်နှင့် ခြေအိတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်း အကြောင်းအရာဖော်ပြချက်**

၁။ New Talent Industrial Co.,Ltd. ၏ ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ မအူပင်စက်မှုဇုန်၊ အမှတ်(အမ်-၁-၀၂)ရှိ မြေရိယာ(၂)ကေတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အဝတ်အထည်နှင့် ခြေအိတ်အမျိုးမျိုး ချုပ်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရောဝတီတိုင်းဒေသကြီး၏ ၄-၁၂-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ EIA/EMP အတည်ပြု(ဧရာ) (၂၉၀၈/၂၀၂၃) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်(Environmental Compliance Certificate – ECC)ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Mr. ZHANG JUN JIAN၊ Director၊ New Talent Industrial Co.,Ltd.၊ အမှတ်(အမ်-၁-၀၂)၊ မအူပင်စက်မှုဇုန်၊ မအူပင်မြို့နယ်၊ ရောဝတီတိုင်းဒေသကြီး၊ ၀၉-၈၉၀၀၉၂၀၁၄ ဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်မှာ ကုန်ကြမ်းသိုလှောင်ခြင်း၊ အထည်အလိပ်များ ဖြတ်တောက်ခြင်း၊ အပ်ချုပ်လုပ်ခြင်း၊ အချောထည် အပြီးသတ်ခြင်း၊ ကုန်ချော ထုပ်ပိုးခြင်းတို့ ဖြစ်ပါသည်။ ထွက်ရှိလာသော ကုန်ချောပစ္စည်းများဖြစ်သည့် ဘောင်းဘီတို၊ ဘောင်းဘီရှည်၊ ဂျက်ကက် အနွေးထည်၊ တီရှပ်၊ ရှပ်အင်္ကျီနှင့် ခြေအိတ်အမျိုးမျိုးစသည် တို့အား အော်ဒါမှာယူသည့်နိုင်ငံများသို့ တင်ပို့ရောင်းချသွားမည် ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဆိုပြုစီမံကိန်း၏ နိုင်လွန်အထည်အလိပ်နှင့်ချည်မျှင်များ၊ ပုံစံထုတ်ကတ်ပြား၊ ကြယ်သီး၊ ဇစ်၊ အလှဆင်ပစ္စည်းများ၊ အရောင်ပါချည်များနှင့် အခြားဆက်စပ် ပစ္စည်းစသည့်ကုန်ကြမ်းများအား တရုတ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် ထိုင်ဝမ်နိုင်ငံတို့မှ တိုက်ရိုက် တင်သွင်းမည် ဖြစ်ပါသည်။ ရေသုံးစွဲမှုအနေဖြင့် အထွေထွေသုံးရေအတွက် စက်ရုံအတွင်းရှိ အဝီစိတွင်း ရေအား အချင်းဝက်(၄)လက်မရှိ PVC ပိုက်ဖြင့် မော်တာအင်ဂျင်စက်ကို အသုံးပြု၍ ရယူပြီး ဂါလန် (၁,၀၀၀)ဆန့် ကွန်ကရစ်ရေကန်တစ်ခုနှင့် လီတာ(၃,၀၀၀)ဆန့် စတီးရေတိုင်ကီ(၁၂)လုံးဖြင့် သိုလှောင် အသုံးပြုမည်ဖြစ်ပြီး သောက်သုံးရေအသုံးပြုမှုအတွက် R.O ရေသန့်စနစ်ဖြင့် သန့်စင်၍ အသုံးပြုမည် ဖြစ်ပါသည်။ အရေးပေါ်မီးသတ်စနစ်တွင် သုံးစွဲရန်ရေ(၃,၆၀၀)ဂါလန်ဆန့် မြေအောက်မီးသတ် ရေကန်အား ထားရှိမည်ဖြစ်ပြီး (၁)ရက်လျှင် ရေဂါလန်(၁,၀၀၀)ခန့် အသုံးပြုပြီး နှစ်စဉ် အသုံးပြုမှုမှာ (၃,၆၀၀,၀၀၀)ဂါလန် အသုံးပြုမည်ဖြစ်ပြီး ဘွိုင်လာအတွက် ရေ(၄,၄၀၀)လီတာ အသုံးပြုမည် ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားအသုံးပြုမှုအတွက် လျှပ်စစ်ဓာတ်အားကို မဟာဓာတ်အားလိုင်းမှ

ရယူကာ(1,000)KVA Transformer ဖြင့် သွယ်တန်းအသုံးပြု၍ တစ်နှစ်လျှင်(၂၆၇,၂၀၀)kWh အသုံးပြုသွားမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်ချိန်တွင်(400)kWရှိ ဒီဇယ်မီးစက်(၁)လုံး အရန်ထားရှိမည် ဖြစ်ပါသည်။ လောင်စာဆီအသုံးပြုမှုအနေဖြင့် လစဉ် ဒီဇယ်(၄၅၀)ဂါလန်ခန့် အသုံးပြု၍ တစ်နှစ်လျှင် (၄,၅၀၀)ဂါလန်ခန့် အသုံးပြုမည်ဖြစ်ပါသည်။ ဝန်ထမ်းအင်အား(၁,၀၆၆)ဦးဖြင့် လည်ပတ်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** အဆိုပြုစီမံကိန်းသည် ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ မအူပင်စက်မှုဇုန်၊ အမှတ်(အမ်-၁-၀၂) တွင် တည်ရှိပါသည်။


**New Talent Industrial Co.,Ltd. မှ ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ မအူပင်စက်မှုဇုန်၊ အမှတ်(အမ်-၁-၀၂)ရှိ မြေဧရိယာ(၂)ကေတွင်   အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အဝတ်အထည်နှင့် ခြေအိတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ**



**New Talent Industrial Co.,Ltd. မှ ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ မအူပင်စက်မှုဇုန်၊ အမှတ်(အမ်-၁-၀၂)ရှိ မြေဧရိယာ(၂)ကေတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အဝတ်အထည်နှင့် ခြေအိတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ**



# New Talent Industrial Co.,Ltd. မှ ရော၀တီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ မအူပင်စက်မှုဇုန်၊ အမှတ်(အမ်-၁-၀၂)ရှိ မြေဧရိယာ(၂)ကေတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အ၀တ်အထည်နှင့် ခြေအိတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်



နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက New Talent Industrial Co.,Ltd. ၏ ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ မအူပင်စက်မှုဇုန်၊ အမှတ်(အမ်-၁-၀၂) ရှိ မြေရေိယာ(၂)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အဝတ်အထည်ချုပ်နှင့်ခြေအိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရောဝတီတိုင်းဒေသကြီး၏ ၄-၁၂-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ EIA/EMP အတည်ပြု(ဖိစုံ)(၂၉၀၈/၂၀၂၃) ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ စီမံကိန်းနှင့် သက်ဆိုင်သည့် အခြား ဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒများကို လိုက်နာရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပြုစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်မှာ ကုန်ကြမ်းသိုလှောင်ခြင်း၊ အထည်အလိပ်များ ဖြတ်တောက်ခြင်း၊ အပ်ချုပ်လုပ်ခြင်း၊ အချောထည် အပြီးသတ်ခြင်း၊ ကုန်ချောထုပ်ပိုးခြင်းတို့ ဖြစ်ပါသည်။ ထွက်ရှိလာသော ကုန်ချောပစ္စည်းများဖြစ်သည့် ဘောင်းဘီတို၊ ဘောင်းဘီရှည်၊ ဂျက်ကက်အနွေးထည်၊ တီရှပ်၊ ရှပ်အင်္ကျီနှင့် ခြေအိတ်အမျိုးမျိုးစသည်တို့အား အော်ဒါမှာယူသည့် နိုင်ငံများသို့ တင်ပို့ရောင်းချသွားမည် ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မော်တော်ယာဉ်နှင့် စက်ယန္တရားများအား ပုံမှန် ထိန်းသိမ်း စောင့်ကြပ် ကြည့်ရှုရန်နှင့် အိတ်ဇောသန့်စင်စက်၊ လေစစ်ဇကာတို့ကို တပ်ဆင်၍ အသုံးပြု သွားရန်၊

(၂) မော်တော်ကားအသုံးပြုမှုအား အနည်းဆုံး ဖြစ်စေရေး စီမံခန့်ခွဲသွားရန်နှင့် အရည်အသွေးမြင့် လောင်စာဆီများကို အသုံးပြုသွားရန်၊

(၃) အနံ့ဆိုးနှင့် ဖုန်မှုန့်များကို လျှော့ချရန်အတွက် စက်ရုံဝန်းအတွင်း ရေဖျန်းရန်နှင့် အမှိုက်များကို မီးရှို့ဖျက်ဆီးခြင်းအား တားမြစ်သွားရန်၊

(၄) အမှုန်ထုတ်လွှတ်မှုတိုင်းတာသည့် ကိရိယာကို တပ်ဆင်ထားရှိရန်နှင့် အမှုန်အမွှားစုပ်စက်(လေစုပ်ပန်ကာ၊ လေမှုတ်ပန်ကာ)များ တပ်ဆင်၍ အသုံးပြုသွားရန်၊

(၅) လုပ်သားဝန်ထမ်းများအတွက် နှာခေါင်းစည်းများ အလုံအလောက် စီစဉ် ထားရှိပေးရန်၊

(၆) ဘွိုင်လာမှ ပြာလွင့်ထွက်မှုမရှိစေရန် ရေခံခွက်ကို လေစုပ်ပိုက်လိုင်းမှတစ်ဆင့် ဖြတ်စေ၍ အစိုင်အခဲအနှစ်ပုံစံအဖြစ် စုဆောင်းရန်။

(ဃ) **ဆူညံသံ စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(၁) စက်ပစ္စည်းများအား ပုံမှန် ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်သွားရန်၊

(၂) မီးစက်အသုံးပြုမည့်နေရာတွင် ဆူညံသံထွက်ရှိမှုအား လျော့နည်းစေရန် အသံလုံ အကာအကွယ် တပ်ဆင်ထားရှိရန်၊

(၃) ဆူညံသံထွက်ရှိမှုအား ပုံမှန် တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက် သွားရန်။

(င) **ရေအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(၁) ရေမြောင်းများအား စနစ်တကျ ဖောက်လုပ်ထားရှိရန်နှင့် ရေပိုက်လိုင်းများကို စနစ်တကျ တပ်ဆင် ထိန်းသိမ်းသွားရန်၊

(၂) စက်မှုလုပ်ငန်းသုံးရေကို တိုက်ရိုက် မစွန့်ပစ်ရန်နှင့် ပြန်လည် သန့်စင်ပြီး အသုံးပြုရန်၊

(၃) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက် များနှင့်အညီ လိုက်နာဆောင်ရွက်၍ ရေအရည်အသွေး စောင့်ကြည့်တိုင်းတာရေး ပစ္စည်းများကို တပ်ဆင် ထားရှိရန်နှင့် ပုံမှန် စောင့်ကြည့် တိုင်းတာသွားရန်။

(စ) **စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(၁) နိုင်လွန်အထည်ဖြတ်စ စွန့်ပစ်ပစ္စည်းများကို အမှိုက်အိတ်များဖြင့် ထုပ်ပိုး ထားရှိရန်နှင့် ပုံမှန် သန့်ရှင်းရေး ပြုလုပ်သွားရန်၊

(၂) အမှိုက်များကို စနစ်တကျ စွန့်ပစ်ပြီး တစ်ဦးချင်း ဧရိယာအလိုက် အမှိုက် စွန့်ပစ်ခြင်းကို သတ်မှတ် ထားရှိရန်၊

(၃) အမှိုက်များကို မီးရှို့ဖျက်ဆီးခြင်းအား တားမြစ်သွားရန်၊

(၄) ပြန်လည်အသုံးပြု၍ရသော စွန့်ပစ်အမှိုက်များအား စုဆောင်းသူထံသို့ ပြန်လည် ရောင်းချရန်နှင့် စွန့်ပစ်အိတ်များကို စနစ်တကျ သိုလှောင် ထားရှိရန်၊

(၅) အမှိုက်ပုံးများကို လုံလောက်စွာ ထားရှိရန်နှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ သတ်မှတ်ထားသည့် နေရာတွင် စွန့်ပစ်သွားရန်။

(ဆ) **စွန့်ပစ်ရေ စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(၁) ရေယိုစိမ့်မှုမရှိစေရန် ပိုက်လိုင်းများကို ပြုပြင် ထိန်းသိမ်းသွားရန်၊

(၂) ရေနုတ်မြောင်းအတွင်း စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းမပြုနိုင်ရန် အကာအကွယ်ပြုလုပ်ရန်နှင့် ရေနုတ်မြောင်း အနည်စုကန်သို့ ဖြတ်သန်းစေပြီးမှသာ စက်မှုဇုန်ရေမြောင်းအတွင်းသို့ စွန့်ပစ်သွားရန်၊

(၃) ဝန်ထမ်းသုံးသန့်စင်ခန်းမှ စွန့်ပစ်ရေကို မိလ္လာကန်တွင် စုဆောင်းပြီး မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့် သတ်မှတ်ထားသောနေရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မိလ္လာတင်ယာဉ်ဖြင့်(၆)လလျှင်တစ်ကြိမ် ပို့ဆောင် စွန့်ပစ်ရန်၊

(၄) စက်ရုံ၏ ရေနုတ်မြောင်းများအားလုံး၏ ကြမ်းပြင်ကို နုံးများ ဆယ်ယူရန်၊ ဆယ်ယူထားသော နုံးများအား ရှင်းလင်းရန်နှင့် သတ်မှတ် စွန့်ပစ်နေရာတွင် မြေဖို့စွန့်ပစ်ရန်အတွက် စီမံ ဆောင်ရွက်ရန်။

(ဓ) **လုပ်ငန်းခွင် ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှု အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ပစ္စည်းများ အလွယ်တကူ သယ်ဆောင်နိုင်ရန် အထောက်အကူပြုသယ်ဆောင်ရေးကိရိယာကို အသုံးပြုစေရန်နှင့် အပူချိန်များသော နေရာများတွင် လေဝင်လေထွက် ကောင်းမွန်စေရန် လေမှုတ်ပန်ကာများနှင့် လေစုပ်ပန်ကာများတပ်ဆင်ပေးရန်၊

(၂) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ သတိပေး ဆိုင်းဘုတ်များကိုတပ်ဆင်ထားရှိရန်နှင့် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အသိပညာပေး သင်တန်းများ ဆောင်ရွက်ရန်၊

(၃) တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းများကို အသုံးပြုရန်နှင့် လက်ဆေးဘေစင်များအား လုပ်ငန်းခွင်အနီးတွင် ထားရှိရန်၊

(၄) စက်ယန္တရားများ လည်ပတ်ရာနေရာတွင် မီးလောင် ပေါက်ကွဲနိုင်သောပစ္စည်းများ မရှိအောင် ကြိုတင်ရှင်းလင်းရန်နှင့် စက်ယန္တရားများ လည်ပတ်ရာနေရာတွင် လုံခြုံရေးအကာအကွယ်များ တပ်ဆင်၍ အသုံးပြုရန်၊

(၅) စက်ယန္တရားများ၏ အစိတ်အပိုင်းများကို စနစ်တကျ တပ်ဆင်ရန်နှင့် စက်၏လျှပ်စစ်ကြိုးများ ပေါက်ပြဲပျက်စီးမှုအား သတိထား ပြုပြင် လဲလှယ်ရန်နှင့်စက်ယန္တရားများကို ကျွမ်းကျင်ဝန်ထမ်းများသာလျှင် ကိုင်တွယ် အသုံးပြုရန်၊

(၆) ထိခိုက်ပွန်းရှနိုင်သည့် ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ် အသုံးပြုရန်၊

(၇) ယင်လုံအိမ်သာများ စနစ်တကျ တည်ဆောက် ထားရှိရန်၊ ကူးစက်ရောဂါကာကွယ်ရေးအတွက် ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် စားကြွင်းစားကျန် အမှိုက်များကို စနစ်တကျ စွန့်ပစ်ရန်၊

(၈) လုပ်ငန်းခွင်အတွင်း ရှေးဦးသူနာပြုစုရေး ဆေးသေတ္တာများ ထားရှိပေးရန်နှင့် သောက်သုံးရေကို လုံလောက်စွာ ထားရှိပေးရန်။

(ဈ) **အရေးပေါ်တုန့်ပြန်ရေးနှင့် ဘေးအန္တရာယ် စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးဘေး၊ လျှပ်ခြင်း၊ ရေကြီးရေလျှံမှုတို့စသည့် အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာပါက ဖြေရှင်းရန်အတွက် ကြိုတင်စီမံခန့်ခွဲမှု အစီအစဉ်များ ရေးဆွဲထားရှိရန်၊

(၂) ကြိုတင်သတိပေးစနစ်များနှင့် အရေးပေါ်ဆက်သွယ်ရေးစနစ်များ တပ်ဆင် ထားရှိရန်၊

(၃) စက်ရုံနယ်ပယ်အတွင်း အနီးဆုံးနေရာမှ သဘာဝဘေးအန္တရာယ်များအတွက် အကူအညီများ ပေးအပ်နိုင်စေရန် ဌာနဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့နှင့် ပူးပေါင်း လေ့ကျင့်မှုများ ပြုလုပ်ရန်၊

(၄) စက်ရုံနယ်ပယ်အနီးတွင် သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာပါက အကူအညီများ ပေးအပ်နိုင်စေရန်အတွက် ဌာနဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့နှင့် ပူးပေါင်းလေ့ကျင့်မှုများ ပြုလုပ်ရန်၊

(၅) အရေးပေါ်ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များကို စက်ရုံဝန်းအတွင်း လူအများ မြင်သာသည့်နေရာတွင် ထားရှိရန်၊

(၆) လူတစ်ဦးချင်း၊ စက်ရုံဝန်ထမ်းအဖွဲ့များအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများအတွက် သတိပြုမိစေရန် ရုံးတွင်းကြော်ငြာဘုတ်များတွင် အထူးသတိပေးချက်များ ထုတ်ပြန်ကာ အထူး သဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်လေ့ရှိသည့်အချိန်တွင် ထပ်မံ ထုတ်ပြန်ရန်၊

(၇) အရေးပေါ်အချိန်များတွင် အသုံးပြုရန် ဘေးကင်းသော အမိုးအကာများ၊ ထုထည် မြင့်မားသော တာတမံများ ဆောက်လုပ်ရန်၊ ဘေးကင်းရာသို့ ရွှေ့ပြောင်းရန် အစီအစဉ်များ ပြုလုပ်ရန်နှင့် လေ့ကျင့်မှုများ ပြုလုပ်ရန်၊

(၈) အရေးပေါ်အခြေအနေများတွင်း လိုအပ်မည့် အစားအစာ၊ ရေ၊ အဝတ်အထည်၊ ထောက်ပံ့ရေးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ အမိုးအကာနှင့် အဆင့်သင့် တပ်ဆင်နိုင်သော ရွက်ဖျင်တဲများ စသည်တို့ကို ထားရှိရန်၊

(၉) သဘာဝဘေးအန္တရာယ် အမျိုးအစားတစ်ခုစီအတွက် ကြိုတင်ကာကွယ်မှု အစီအမံများ ဆောင်ရွက်ခြင်းနှင့် သဘာဝဘေးအန္တရာယ်လွန်ကာလများတွင်

ဆောင်ရွက်မည့် အစီအမံများအတွက် ကြိုတင် ပြင်ဆင်ရန်နှင့် လေ့ကျင့်မှုများ ပြုလုပ်ရန်။

(ည) **မီးဘေးလုံခြုံရေး စီမံခန့်ခွဲမှု အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံဝန်းအတွင်း ဆေးလိပ်သောက်ခြင်းကို ပိတ်ပင် တားမြစ်သွားရန်၊

(၂) အရေးပေါ်ထွက်ပေါက်များကို ရှင်းလင်းစွာ ထားရှိရန်နှင့် ထွက်ပေါက်လမ်းများကို အမြဲ သန့်ရှင်းနေအောင် ထားရှိရန်၊

(၃) မီးသတ်ဆေးဘူးများကို အလုံအလောက် ထားရှိရန်၊ သက်တမ်းကုန်ဆုံးချိန်ကို ပုံမှန် စစ်ဆေးရန်နှင့် ပြန်လည် ဖြည့်တင်းခြင်းတို့ လုပ်ဆောင်ရန်၊

(၄) မီးငြိမ်းသတ်မှုအတွက် ဇာတ်တိုက် လေ့ကျင့်ခန်းများနှင့် သင်တန်းများကို မီးသတ်ဦးစီးဌာနမှ ပညာရှင်များနှင့် ပုံမှန် ပြုလုပ်သွားရန်၊

(၅) လုပ်ငန်းတည်ဆောက်ရေးကာလတွင် အသုံးပြုသော ပစ္စည်းများ၊ ဖျက်သိမ်းကာလအတွင်း စွန့်ပစ်ပစ္စည်းများကို နေရာသတ်မှတ်ပြီး စနစ်တကျ စုပုံ ထားရှိရန်နှင့် မီးလောင်လွယ်သော ဓာတုပစ္စည်းများ၊ ဒီဇယ်ဆီများအား သီးခြားစီ စနစ်တကျ ကန့်သတ်၍ သိုလှောင် ထားရှိရန်၊

(၆) အရည်အသွေးကျဆင်းနေသည့် လျှပ်စစ်ပစ္စည်းများ၊ ဝါယာကြိုးများ၊ မီးသီး၊ မီးချောင်းများ ပြုပြင် လဲလှယ်ရန်၊ ဝန်ပို လျှပ်စစ်ဓာတ်အား အသုံးပြုမှုကို ထိန်းချုပ် ဖြတ်တောက်ပေးနိုင်သည့် အလိုအလျောက် ဖြတ်တောက် ကိရိယာ အသုံးပြုရန်နှင့် သတိပေးအသံ တပ်ဆင် ထားရှိရန်၊

(၇) မီးဘေးအန္တရာယ်ဖြစ်ပွားပါက အရေးပေါ်ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များအား စက်ရုံဝန်းအတွင်း ထားရှိရန်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံအတွင်းရှိ လေထုအရည်အသွေး ညစ်ညမ်းမှုအတွက် CO, $NO_2$, $O_3$, $PM_{10}$, $PM_{2.5}$, $SO_2$, $CO_2$ စသည့် ပါရာမီတာများအား တစ်နှစ်လျှင်(၂)ကြိမ် တိုင်းတာစောင့်ကြည့်ရန်၊

(၂) စီမံကိန်းဧရိယာအတွင်း ဆူညံသံအဆင့် တိုင်းတာမှုကို တစ်နှစ်လျှင်(၂)ကြိမ် တိုင်းတာ စောင့်ကြည့်ရန်၊

(၃) ရေအရည်အသွေးနှင့်ပတ်သက်၍ Aluminium, Ammonia, Arsenic, Chloride, Chromium, Colour, Copper, Cyanide, Dissolved Oxygen, Hardness, Iron, Lead, Mercury, Nickel, Nitrate, Phosphate, pH,

Turbidity, Sulphate, Sodium Chloride, TDS, Temperature, Magnesium, Calcium, Zinc စသည့် ပါရာမီတာများအား (၆)လလျှင်(၂)ကြိမ် တိုင်းတာရန်၊

(၄) စွန့်ပစ်ရေထွက်ရှိမှုနှင့်ပတ်သက်၍ pH, Color, BOD, COD, Total Suspended Solid, Total Dissolved Solid, Nitrate, Zinc, Copper စသည့် ပါရာမီတာများအား(၆)လလျှင်(၂)ကြိမ် တိုင်းတာ စောင့်ကြည့်ရန်၊

(၅) မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ကုန်ကြမ်း/ကုန်ချော သိုလှောင်နေရာ၊ ဒီဇယ်မီးစက်နေရာ၊ လျှပ်စစ်ပစ္စည်းများ တပ်ဆင်ထားသည့် နေရာတို့တွင် စောင့်ကြည့်ကင်မရာဖြင့် နေ့စဉ် စစ်ဆေးသွားရန်၊

(၆) လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ထုတ်လုပ်ရေးနေရာ၊ သိုလှောင်ရေးနေရာ၊ စက်များ ကိုင်တွယ်အသုံးပြုရာ နေရာတို့တွင် စောင့်ကြည့်ကင်မရာဖြင့် နေ့စဉ် စောင့်ကြည့် စစ်ဆေးသွားရန်၊

(၇) စွန့်ပစ်ပစ္စည်းအား အမှိုက်ပုံးများ၊ အမှိုက် စွန့်ပစ်ရန် သီးခြား ကန့်သတ်ထားသည့် နေရာတို့တွင် စောင့်ကြည့်ကင်မရာဖြင့် လုပ်ငန်းလည်ပတ်သည့်ကာလ တစ်လျှောက်လုံး စောင့်ကြည့် စစ်ဆေးရန်။

(ဃ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် အရေးပေါ်အခြေအနေ တုန့်ပြန်ရေးအစီအစဉ်များအတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းအား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဍ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းကိစ္စရပ်များဆောင်ရွက်ရာတွင် လူမှုရေးဆိုင်ရာ တာဝန်သိလုပ်ငန်းများ(CSR)အတွက် နှစ်စဉ်အမြတ်ငွေ၏(၂)ရာခိုင်နှုန်းကို သုံးစွဲသွားရန်နှင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ ဆန္ဒနှင့်သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

( စ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါအတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များအတွက် ရန်ပုံငွေကျပ်(၁၅,၀၀၀,၀၀၀)ကို လျာထား သုံးစွဲရန်၊

(၂) စောင့်ကြည့်ကြည့်ရှုမည့်အစီအစဉ်များအတွက် ရန်ပုံငွေ ကျပ်(၇,၀၀၀,၀၀၀)ကို လျာထား သုံးစွဲရန်၊

(၃) လူမှုတာဝန်သိအစီအစဉ်(CSR Activities)အတွက် အမြတ်ငွေ၏ (၂)ရာခိုင်နှုန်းအား လျာထား သုံးစွဲရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်–

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈–၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသား အဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှပ်စီးလက်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များ အတွက် အစီအမံများရေးဆွဲ၍ ကြိုတင် ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ် အကြေးများ၊ ဓာတုဗေဒ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိ လာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်း စုပုံစွန့်ပစ်ရန် သတ်မှတ် ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့ နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံ ထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် အရည်အသွေးနှင့်သတ်မှတ်ချက် မပြည့်မီသည့် ကုန်ကြမ်းနှင့် ကုန်ချောပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများကို ထွက်ရှိမှု လျှော့ချခြင်း(Reduce)၊ ပြန်လည်သုံးစွဲခြင်း(Reuse)နှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) 3Rs စနစ်ဖြင့် စီမံ ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေ ထားရှိ ဆောင်ရွက်ရန်၊

(၉) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ(၁၄)၊ (၁၅)နှင့် (၁၆)တို့အရ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရန်၊ ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် လုပ်ငန်း သို့မဟုတ် ပိုင်ရှင်ဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ် ကြည့်ရှုရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာ စုပေါင်းအစီအမံတွင် သတ်မှတ်သည့်ငွေ သို့မဟုတ် ပစ္စည်း ထည့်ဝင်၍ ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အသုံးပြုခ သို့မဟုတ် စီမံခန့်ခွဲမှု ကုန်ကျစရိတ်ကို ထည့်ဝင်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက်ပါ အပိုဒ် ၁.၁ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေအရည်အသွေးနှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက်ပါ အပိုဒ် ၁.၂ ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံး လက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင် သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှု တစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထု တစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်း အဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာ သည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲ မှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် တစ်ဖက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှု ပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(ဇ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများ ပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်၊

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထု

ပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိ အစီအစဉ်(CSR)ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိ အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း(Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်။

(ဈ) **အများပြည်သူ သိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှ စာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီး ကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိဘက်စုံ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့ စဉ်ဆက်

မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရမည်။ ယင်းမှတ်တမ်းများတွင် နမူနာ စုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ(Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည် ဖြစ်ပြီးကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများ ရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှ စာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့် နယ်ပယ်(ရေ၊ လေ၊ ဆူညံသံ)များ၊ နည်းစနစ်များ၊ နမူနာ စုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လတစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ(၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူ သိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီးနောက်(၁၀)ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆ လျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယို ရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေ နမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ

ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့် ပတ်သက်၍ အောက်ပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ(၆)လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့် နေ့မှရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့် သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည် ဖော်နိုင်ရန် အချိန်ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး(၂)နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များတွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ် ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလ အတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်း မရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ၃၀နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း)ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတ အသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရန်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံး စရိတ်များနှင့် ပတ်သက်၍ သီးခြားငွေစာရင်း ဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---